အရှင်ဇဝန(ကုန်းဇောင်း)

# ရေကြည်ချမ်းမြ မိဘမေတ္တာ

မိဘမေတ္တာတရားကို လူမျိုးတိုင်း၊ဘာသာတိုင်းက ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပုံဖော်ခဲ့ကြသည်။ထုဆစ်ခဲ့ကြသည်။ ဖွဲ့ဆိုခဲ့ကြသည်။ အယူဝါဒမတူကြသော်လည်း မိဘဆိုသည်မှာ ဘုရားနှင့်တစ်ဂိုဏ်းတည်းထား ရှိသေကြရန်၊ ကျွေးမွေးပြုစုကြရန်၊ မပစ်မှားကြရန် ဆုံးမသွန်သင်ခဲ့ကြသည်။

စာရေးသူတို့ ဗုဒ္ဓဘုရားရှင်က မိဘမေတ္တာကို ပုံဖော်ရာတွင်လည်းကောင်း၊ မိဘကျေးဇူး အထူးတုံ့ပြန်ရာတွင်လည်းကောင်း မည်သူမျှလိုက်မမှီအောင် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘာသာများက မိဘမေတ္တာကို အထူးသိတတ်ကြ၏။ မိဘကိုအထူးရှိသေတတ်ကြ၏။ ကျွေးမွေးပြုစုတတ်ကြ၏။ ထိုအချက်တစ်ခုတည်းဖြင့်ပင် ဗုဒ္ဓဘာသာဖြစ်ရသည်မှာ တန်ဖိုးမဖြတ်နိုင်အောင်ရှိလှပါသည်။

ဘုရားရှင်က မိဘမေတ္တာတရားကို အကြိမ်ကြိမ်ဟောကြားတော်မူရာတွင်"ဗြဟ္မာတိ မာတာပိတရော ပုဗ္ဗာစရိယာတိ ဝုစ္စတိ။ အာဟုနေယျာစ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ"ဟု ဟောတော်မူခဲ့သည့် ဂါထာလေးကို ဖျန့်ထွက်တွေးတောကြည့်စေချင်ပါသည်။ မာတာပိတရော-မိဘတွေသည်။ ဗြဟ္မာတိ-ဗြဟ္မာကြီးများနှင့်တူသည်ဟုဟောတော်မူပါသည်။ အဘယ့်ကြောင့်နည်း ဗြဟ္မာကြီးများသည် ဗြဟ္မစိုရ်တရားလေးပါးဖြင့် သတ္တဝါများကို ဗြဟ္မစိုရ်လေးပါးထားသကဲ့သို့ မိဘများကလည်း သားသမီးများကို ဗြဟ္မစိုရ်တရားလေးပါးပွားများနေကြသည်သာ။ ဗြဟ္မစိုရ်တရားလေးပါးကို လူတိုင်းသိပါသည်။ မေတ္တာ-ကရုဏာ-မုဒိတာဥပေက္ခာ တို့ဖြစ်ပါသည်။

မိဘများကသားသမီးအပေါ်တွင် အစဉ်ကောင်းစေချင်၊အစဉ်တော်စေချင်၊အစဉ်ကြီးပွားချမ်းသာစေချင်ကြပါသည်။ မိခင်ဝမ်းတွင် ကိန်းအောင်းစဉ် သားလေလား၊သမီးလေလား မသိခင်ကပင် ချစ်ခင်မြတ်နိုးမှုတွေ အရှုံးအမူးဖြစ်ခဲ့ကြရသည်။ ကောင်းကောင်းမွန်မွန်၊အဆင်ပြေပြေ မွေးဖွားနိုင်ပါစေ၊ ကိုယ်လက်အင်္ဂါစုံစုံလင်လင်၊လှလှ ပပ၊ထူးချွန်ထက်မြက်သော လူတော်လူကောင်းလေးမွေးဖွားသန့်စင်ပါစေကြောင်း အထပ်ထပ်အခါခါ ဆုတောင်းမေတ္တာပို့သကြရသည်။ မွေးဖွားလာမည့် သားသမီးအတွက် စိတ်ကူးယဉ်အိမ်မက်လှလှလေးများ နေ့စဉ်မက်နေကြရသည်။ သားသားမီးမီးပုံလှလှလေးများ အိမ်တွင်ချိတ်ဆွဲကာ စိတ်ကူးပုံဖော် ပျော်ရွှင်ကြည်နူးခဲ့ကြသည်။ မွေးဖွားလာသည်မှ တစ်သက်လုံး ကောင်းကျိုးချမ်းသာဖြစ်စေချင်သော မေတ္တာတရားသည် ဗြဟ္မာစိုရ်တရားဖြစ်ပါသည်။ မိဘများက သားသမီးများပေါ်ချစ်ခင်သော ချစ်ခြင်းမေတ္တာတရားကို ဂေဟသိတပေမ (မိသားစုချင်းချစ်ခင်တွယ်တာမှုတဏှာအနုစား)ခေါ်ဆိုကြ၏။ သို့သော် မိဘများက သားသမီးများအပေါ် ခင်တွယ်မှုမပါဘဲ ကောင်းကျိုးလိုလားသောစိတ်သည်ကား မေတ္တာတရားစစ်စစ်ဖြစ်ပါသည်။

မိဘများက သားသမီးများအပေါ်တွင် ဆင်းရဲဒုက္ခမကျရောက်စေလိုပါ။ အကယ်၍ ကျရောက်လာခဲ့ပါကလည်း လွတ်မြောက်စေလိုကြသည်။ သားသမီးများ မွေးကင်းစအရွယ်တွင် နို့ဆာလို့ပင်ငိုငို၊ ပူလောင်ခြင်း၊ ချမ်းအေးခြင်းတို့ကြောင့်ပင်ငိုငို မိဘများ ပြာယာခတ်လောက်အောင် စိုးရိမ်သောကရောက်ကြရ၏။ ကလေးကလည်း သူ့၏လိုလားတောင့်တချက်နှင့် ခံစားမှုဝေဒနာများကို မိဘများကို ပြောမပြနိုင်၊ မိဘများကလည်း ကလေး၏လိုလားတောင့်ချက်၊ ခံစားမှုများကို နားမလည်။ "သားလေး ဘာတွေဖြစ်နေလဲ တိတ်ပါသားရယ်။ သားလေးခံစားနေရတာတွေ မေမေ၊ဖေဖေတို့သာ ခံစားလိုက်ချင်ပါတယ်။ သားလေး အခုလိုငိုနေတာ မေမေ၊ဖေဖေတို့ မကြည့်ရက်ဘူး။ တိတ်ပါသားလေးရယ်"ဟု မှန်းဆချော့မြူနေကြရ၏။

မိသားစုသံယောဇဉ်ကိုအကြောင်းပြု၍ စိုးရိမ်သောကဖြစ်ကြရသောကြောင့် ကရုဏာအစစ်မဟုတ်ဘူးဟု ပညာရှင်များကဆိုကြပါမည်။ သို့သော် ဆင်းရဲဒုက္ခများမှ လွတ်မြောက်စေလိုသောစိတ်သည်ကား ကရုဏာစစ်စစ်ဖြစ်သည်ကို မည်သူမျှ ငြင်းလို့မရနိုင်ပါ။ လူမဆိုထားနှင့် တိရိစ္ဆာန်များပင် ကိုယ့်သားသွီး ဆင်းရဲဒုက္ခရောက်နေမှာကို မကြည့်ရက်၊မမြင်ရက်ကြပါ။

တစ်ခါတုန်းက မြို့လေးတစ်မြို့၏ မြို့ပြင်ဘက်မှာ သားသတ်ရုံတစ်ခုရှိပါသည်။ သားသတ်သမားများက နွားမကြီးတစ်ကောင်ကို သတ်ဖို့ရန် ဆွဲလာကြပါသည်။ မည်သို့မျှခွဲထားခဲ့၍ မရသောကြောင့် ထိုနွားမကြီး၏ နောက်တွင် နွားပေါက်ကလေးတစ်ကောင် ပါလာပါသည်။ ၂ကောင်လုံးကို ဝယ်ယူလာခဲ့ခြင်းဖြစ်ပါသည်။ သားသတ်ရုံနားရောက်ခါနီးသောအခါ နွားမကြီးက သူ့ကိုသတ်မည်ဟု သိသွားပါသည်။ အတင်းပင် ခြေကန်ရုံးပါတော့သည်။ အသက်လုရုံးကန်လိုက်သောကြောင့် နဖားကြိုးကြားမှ သွေးများပင် ထွက်ကျလာသည်။ နောက်ဆုံးတွင် နဖားကြိုးထိုးထားသော နှာနုပြတ်ထွက်ပြီး ထွက်ပြေးသွားပါသည်။ ကျန်ရစ်ခဲ့သော နွားပေါက်လေးကို အဝေးကနေ တဘဲဘဲနှင့် လှမ်းခေါ်နေပါသည်။ သားသတ်ရုံဝန်းကျင်တစ်ဝိုက်မှာ နွားသားအမိတို့၏ အော်သံများ ဆူညံပွက်သွားခဲ့သည်။ မိခင်နွားမကြီးက သူ့အသက်ဘေးကနေ လွတ်လွတ်ကျွတ်ကျွတ်ပြေးချင်သော်လည်း နွားပေါက်လေးကိုငဲ့ပြီး မပြေးနိုင်ရှာ။ လူများ၏ဖမ်းဆီးခြင်းကိုလည်းမခံ။ အသက်လုပြေးလိုက်၊ သားလေးအော်သံကြားတိုင်း ပြန်လှည့်လာလိုက်နှင့် ဗျာများနေခဲ့ပါသည်။သားသတ်သမားများက နွားမကြီး၏ ပျော့ကွက်ကို မြင်သွားပါသည်။ ထို့ကြောင့် နွားလေးကို ဖမ်းပြီး ကြိုးများဖြင့် ချီနှောင်ရိုက်ပုတ်ကြသည်။ ငယ်သံပါအောင် အော်နေရှာသော သားလေးအသံကို ကြားရသော မိခင်နွားမကြီး မပြေးနိုင်ရှာတော့ပါ။ သားလေးရှိရာသို့ပြန်ပြေးလာပါသည်။ သားလေး၏ ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်များကို သက်သာလိုသက်သာငြား လျှာဖြင့်ရက်ပေးရင်း မျက်ရည်ဖြိုင်ဖြိုင်စီးနေရှာသည်။ နွားသားမိနှစ်ဦးတို့အပြိုင်အဆိုင် ငိုပွဲဆင်ခဲ့ကြသော်လည်း သားသတ်သမားများကတော့ သက်ညှာမှု မပေးခဲ့ကြပါ။ ယင်းနေရာမှာပင် ပွဲချင်းပြီး သတ်ဖြတ်လိုက်ကြပါသည်။ ကိုယ့်သားလေး၏ မချိမဆန့်အော်မြည်သံကို မကြားရက်၊ ဆင်းရဲဒုက္ခ ဒဏ်ရာဒဏ်ချက်တွေကို မမြင်ရက်သော နွားမကြီး၏ ကရုဏာသည် အသက်နှင့်ရင်းလိုက်ရသော ကရုဏာဖြစ်ပါသည်။ လူသားမိခင်၊ဖခင်များသည်ကား သည့်ထက် အဆပေါင်းများစွာ သာလွန်နေမည်ကို မှန်းဆကြည့်ရှုနိုင်ပါသည်။ သာဓကများစွာလည်း ရှိခဲ့ကြဘူးပါသည်။ ထိုသို့ ကရုဏာကြီးမားမှုကိုပင် ပြဟ္မာကြီးများနှင့်တင်စားကာ ဘုရားဟောတော်မူခဲ့ခြင်းဖြစ်၏။

ထူးချွန်ထက်မြက်လာသော သားသမီးများ၊ ကြီးပွားတိုးတက်လာသော သားသမီးများကို မြင်ရသည့်အခါ၊ကြားသိရသည့်အခါ မိဘများက အတိုင်းမသိကြည်နူးဝမ်းသာကြသည်။ ထိုအရာကို မုဒိတာဟုခေါ်ပါသည်။ သားသမီးများကို အစဉ်အမြဲ ထူးချွန်နေစေချင်သည်။ ကြီးပွားတိုးတက်နေစေချင်သည်။ နိမ့်ကျဆင်းရဲသွားမှာကို မလိုလားကြပေ။ သားသမီးများကို ကြီးပွားတိုးကက်လာ၍ မိဘများကို ပြန်လည်ကျွေးမွေးပြုစုမှုမပြုကြသော်လည်း သားသမီးအပေါ်တွင် စိတ်မဆိုးကြပေ။ ကြီးပွားတိုးတက်မြဲတိုးတက်ကြပါစေဟုသာ ဆုတောင်းနေကြသည်။ သားသမီးကြီးပွားတိုးတက်သည်ကို မလိုလားသော၊မရှုစိမ့်သောမိဘဟူ၍ မရှိကြပါ။ ယင်းမုဒိတာသည်ပင် ပြဟ္မာကြီးများကျင့်သုံးနေသော ပြဟ္မစိုရ်တရားဖြစ်ပါသည်။

သားသမီးများ ကိုယ့်လုပ်ငန်းများနှင့်ကိုယ် အဆင်ပြေနေကြစဉ်၊ကိုယ့်မိသားစုနှင့်ကိုယ်ပျော်နေကြစဉ် မိဘများက ချစ်သည်လည်းမဟုတ်၊ မချစ်သည်လည်းမဟုတ်သော အလယ်တည့်တည့်စိတ်ထားမျိုးထားတတ်ကြသည်။ "ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမှာပဲ ကံအကြောင်းတရားအတိုင်းသာ" ဟု သဘောထားနိုင်ခြင်းသည် ဥပေက္ခာ(လျှစ်လျူရှုခြင်း)၏ သဘောပင်ဖြစ်သည်။ မိဘများကို စော်ကားတတ်သော၊ ကျေးဇူးကန်းတတ်သော သားသမီးများကို မည်သို့မျှ ဆုံးမသွန်သင်၍ မရသည့်အခါ ယင်း

ဥပေက္ခာကို မိဘများက လက်နက်သဘွယ် အသုံးပြုလေ့ရှိကြသည်။ သားသမီးများအပေါ်တွင် မည်သို့မျှ သဘောမထားပဲ စိတ်အေးသက်သာ နေပြနိုင်ကြသည်။ ထိုသို့ပင် ပြဟ္မစိုရ်တရားလက်ကိုင်ထား၍ သားသမီးများကို အစဉ်သနားစောင့်ရှောက်တတ်သောကြောင့် ပြဟ္မာကြီးများနှင့်တူသည်ဟု ဘုရားရှင် ဆုံးမတော်မူခဲ့ခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားရှင်က နောင်လာနောက်သားများ မိဘကျေးဇူး အထူးသိတတ်စေရန် စံပြအဖြစ် မိဘကျေးဇူးကို ဆပ်ပြခဲ့သည်။ မိခင်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကို အမှူးထား၍ နတ်ပြဟ္မာများအားအဘိဓမ္မာ(၇)ကျမ်းကို ဝါတွင်းသုံးလပတ်လုံးမရပ်မနား ဟောကြားတော်မူခဲ့သည်။ ဖခင်သုဒ္ဓေါဓနမင်းကြီးအားလည်း အမြိုက်နိဗ္ဗာန်ချမ်းသာကို ရရှိစေတော်မူခဲ့သည်။ မိဘကျေးဇူးကို ကိုယ်တိုင် ဆပ်ပြသကဲ့သို့ မိဘကျေးဇူးအထူးသိတတ်သော တပည့်များကိုလည်း အထူးကောင်းချီးပေးတော်မူခဲ့သည်။ မိဘကျေးဇူးဆပ် မြတ်တရားများကိုလည်း ဟောကြားတော်မူခဲ့သည်။

မိအိုဖအိုကြီးများကို ပစ်ထား၍ ပြဟ္မာကြီးများကို ပူဇော်ပသနေသော ပုဏ္ဏားတို့အား ရဟန်းလေးတစ်ပါးက ဆုံးမခဲ့ပုံကိုကြည့်ပါ။"အသင်ပုဏ္ဏားတို့ ကိုယ့်အိမ်ထဲမှာပင် သက်ရှိပြဟ္မာကြီးများ ရှိနေပါလျှက် မပြုစု မလုပ်ကျွေးပဲ၊ လက်တွေ့မမြင်ရသော ကောင်းကင်ကပြဟ္မာကြီးများကို ရော်ရမ်းမှန်းဆပူဇော်နေကြခြင်းသည် အချီးနှီး အကျိုးမဲ့သက်သက်သာတည်း။ မင်းတို့ မိဘတွေကသာ မင်းတို့ရဲ့အကောင်းဆုံးသော စားဘွယ်သောက်ဘွယ်တွေကို အလှူခံထိုက်တဲ့ပူဇော်ထိုက်တဲ့ပြဟ္မာအစစ်တွေပါပဲ"ဟု အသိတရားရစေရန် လမ်းပြပေးတော်မူခဲ့သည်။

"<u>ပုဗ္ဗာစရိယာတိ ဝုစ္စတိ</u>-လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖတည်း"ဟု ဟောတော်မူသည့်အတိုင်းမိဘများက သားသမီးတို့၏ လက်ဦးဆရာဖြစ်သည်ကို လူတိုင်းသိကြပါလိမ့်မည်။သားသမီးများကို သွားပုံလာပုံနေပုံထိုင်ပုံကအစ အရာရာတွင် တတ်သိလိမ္မာလာအောင် သွန်သင်ပေးခဲ့ကြသည်။ သိချင်စိတ်နဲ့ မေးတိုင်းမေးတိုင်းသော မေးခွန်းများကို စိတ်ရှည်ရှည် ရှင်းပြတတ်သည်မှာ မိဘများပင်-မဟုတ်ပါလား။ စားဝတ်နေထိုင်ပုံကစ၍ အဆင့်မြင့်ပညာရပ်များအထိ တတ်သိလိမ္မာအောင်သွန်သင်ဆုံးမခဲ့သောကြောင့် အနန္တနှစ်ဂိုဏ်းဝင်သူများသည်လည်း မိဘများပင်မဟုတ်ပါလား။ သားသမီး အသိအလိမ္မာ ဉာဏ်ပညာ ကြွယ်ဝလာသောအခါ မိဘများကမသိတာရှိလျှင် မေးပါလိမ့်မည်။ အသက်အရွယ်အရ မှတ်ဉာဏ်နည်းပါးမှုကြောင့် မေးပြီးသားမေးခွန်းများကိုပင်ထပ်ခါ ထပ်ခါ မေးမိနေတတ်ပါလိမ့်မည်။ "ခဏခဏမေးရနိုင်ရန်ကော နေရာတကာသိချင်ရန်ကော ကိုယ်နဲ့လဲဆိုင်တာလဲမဟုတ်ဘဲနဲ့ ဒီအဘိုးကြီးအဘွားကြီးတွေကလဲ နေရာတကာပါချင်တယ်"လို့များ ငြိုငြင်စိတ်ကလေးများနဲ့မပစ်မှားလိုက်ကြပါနှင့်။ ကိုယ်ငယ်ငယ်တုံးက ထပ်ခါထပ်ခါ မေးတတ်သောမေးခွန်းတိုင်းကို စိတ်ရှည်ရှည်ဖြေကြားခဲ့သည်များကိုသတိရလိုက်ပါ။ စိတ်ရှည်ရှည်ဖြေကြားပေးလိုက်ပါ။

အသက်အရွယ်ကကြီး၊ အားအင်တွေကကုန်ခမ်း၊ စိတ်သွားတိုင်းကိုယ်မပါသည့်အတွက် နှေးနှေးကွေးကွေး လေးလေးလန်လန် သွားလာလှုပ်ရှားသည့်အခါ နှေးရန်ကော လေးရန်ကောဟု စိတ်မတိုလိုက်ကြပါနှင့်။ငါပျို့မြစ်မစွမ်းကလေးလေးဘဝတုန်းက ယခုအိုမင်းမစွမ်းမိဘများက လေးဘက်သွားလေးဘဝကနေ မတ်တတ်ရပ်နိုင်လာအောင်၊ ပြေးလွှားဆော့ကစားလာနိုင်အောင်၊ အရိုးအဆစ်တွေသန်မာလာစေအောင် လေ့ကျင့်ပေးခဲ့ပုံ၊စွမ်းဆောင်ခဲ့ပုံများကိုသတိရလိုက်ပါ။ ကျေးဇူးတင်လိုက်ပါ။

သွားလာလှုပ်ရှား၊စားသောက်သည့်အခါ အမှားမှားအယွင်းယွင်း အလွဲလွဲအချော်ချော်ဖြစ်နေသော မိဘများကို မပစ်မှားလိုက်ပါနှင့်။ ကိုယ်ငယ်ငယ်က နမော်နမဲ့ခလုတ်တိုက်လို့ပင် ငိုငို၊ သွားတိုက်ဆေးကို မုန့်မှတ်လို့စားစား၊ အမှားမှားအယွင်းယွင်းမှန်သမျှကို နှစ်သိမ့်ချော့မြူခဲ့ပုံ၊ မမှားအောင်ပြန်ပြင်ပေးခဲ့ပုံများကို သတိရလိုက်ပါ။ ကျေးဇူးသိတတ်လိုက်ပါ။ ဘုရားရှင်ဟောကြားတော်မူသော ပုဗ္ဗာစရိယ မိနှင့်ဖကို သတိရလာပါလိမ့်မည်။ ကျေးဇူးတရားကို သိမြင်လာပါလိမ့်မည်။

“<u>အာဟုနေယျာစ ပုတ္တာနံ ပဇာယ အနုကမ္ပကာ</u>”၏ အဓိပ္ပါယ်သည်ကား သားသမီးကို အစဉ်သနားစောင့်ရှောက်တတ်သောကြောင့် မိဘများသည် သားသမီးတို့၏ အမြတ်ဆုံးသော အလှူခံပုဂ္ဂိုလ်မည်၏-ဟူ၍ဖြစ်ပါသည်။ ဟောတော်မူသည့်အတိုင်းပင် မိဘများသည် အမှန်ပင် သားသမီးတို့ပြုစုယုယမှုများကို ခံယူထိုက်သူဖြစ်ပါသည်။ ဘုရား-တရား-သံဃာရတနာမြတ်သုံးပါးကို မလှူဒါန်းလျှင် ကုသိုလ်မရရုံသာ အပြစ်မဆိုထိုက်။ မိဘကို ပြန်လည် မကျွေးမွေးမပြုစုသော သားသမီးများသည်ကား တာဝန်မဲ့အပြစ်ကြွေးများပင် တင်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဘုရားရှင်က သိင်္ဂါလောဝါဒသုတ်တွင် သားသမီးကျင့်ဝတ်များကို ဟောကြားတော်မူခဲ့ပါသည်။ ၄င်းတို့ကား. . .

(က)မိဘများကို ပြန်လည်း လုပ်ကျွေးပြုစုရမည်။
(ခ)မိဘတို့၏ စီးပွားရေး၊လူမှုရေးလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ရမည်။
(ဂ)မိဘတို့၏ လောကီအမွေဖြစ်သော စီးပွားဥစ္စာမှန်သမျှကို သားသမီးများ အညီအမျှခွဲဝေခံစားထိုက်သကဲ့သို့ လောကုတ္တရာအမွေဖြစ်သော မိဘလက်ထက်က ဘုရားကျောင်းကန်များကိုပြင်ဆင်ပေးရမည်။ ဒါနစသော ကုသိုလ်အစဉ်အလာများမပျက်ကွက်အောင် ဆက်လက်ဆောင်ရွက်ပေးရမည်။
(ဃ)ကုသိုလ်ပြုတိုင်း ပြုတိုင်း မိဘများကို သတိတရအမျှပေးဝေရမည်။
(င)မိဘမျိုးရိုး မတိမ်ကောအောင် မျိုးချစ်စိတ်ထက်ထက်သန်သန် ထိမ်းသိမ်းစောင့်ရှောက်ရမည်။

အထူးသဖြင့် ဒါန၊သီလ၊ဘာဝနာလုပ်ငန်းများ မပြုလုပ် မဆောင်ရွက်နိုင်သော မိဘများကို ပြုလုပ်ဆောင်ရွက်ခွင့်ရအောင် စီမံပေးရမည်။ သဒ္ဓါတရားမရှိသေးသော မိဘများကို သဒ္ဓါတရားရှိလာအောင် သီလမစောင့်ထိမ်းသေးသော မိဘများကို သီလစောင့်ထိမ်းနိုင်အောင် စီမံပေးရမည်။ လောကုတ္တရာအသိဉာဏ်မရသေးသော မိဘများကို လောကုတ္တရာအသိဉာဏ်ရလာအောင် ဆောင်ရွက်စီမံပေးရပါမည်။ ထိုသို့ပြုလုပ်ဆောင်ရွက်မှသာ မိဘကျေးဇူးအထူးသိတတ်သော၊ မိဘကျေးဇူး အထူးဆပ်ခွင့်ရသော သားသမီးများဖြစ်ကြပါလိမ့်မည်။ ထိုသားသမီးမျိုးမှာ “သားတို့ရုပ်ရည်-သီတာမည်သား-ရေကြည်ချမ်းမြ-တစ်ပေါက်ကျက-မိဘတို့ဝမ်း-ငြိမ်းစတမ်း”ဟု တင်စားချီးမွမ်းထိုက်သော သားကောင်းရတနာ၊သမီးကောင်းရတနာ စစ်စစ်ဖြစ်နိုင်ပါကြောင်း ကောင်းမြတ်သော စေတနာဖြင့် ရေးသားတိုက်တွန်းလိုက်ရပါသတည်း။

အရှင်ဇဝန(ကုန်းဇောင်း)
ဓမ္မာလောကကျောင်းတိုက်
မီရမာမြို့၊ဖလော်ရီဒါပြည်နယ်။